www.burmeseclassic.com



"ဟင့်အင်း .. နွေးက အားလုံးပြီးမှ အပြီးယူတာပါ အန်တီ စရန်ယူလေ့ မရှိပါဘူး။ ဒီတစ်အိုးက ခြောက်သောင်းရပါတယ်"

"တယ်ဟုတ်ပါလား။ တော်တော် ရတာပဲ၊ ဒါဆို တစ်လတစ်လ သမီး ဝင်ငွေက အတော်နိုင်တာဓပ့ါလေ"

"ဒီလိုပါပဲ အန်တီ"

လိုရင်းကိစ္စကို မပြောဘဲ ကျွန်မ ဝါသနာအလုပ်ကိုချည်း ဆက် တိုက်မေးနေတာမို့ မျက်မှောင်ကြုတ်လိုက်မိ‌လေ၏။ အကြောင်း သက်သက်ကြီးတော့ မနက် ၁၀ နာရီကြီး Phone မဆက်လောက် ဘူးနော်..။

"သမီးတော့ အလုပ်ပျက်ပြီ ထင်တယ်"

ဟော .. ကျွန်မ တွေးတာကို သိလိုက်တာပဲလား။ ထူးဆန်းလေ ဒါဆိုရင်တော့ အန်တီ့ကို လျှော့တွက်လို့မရနိုင်ပေ။

"ရပါတယ် အန်တီ"

"အသံက အားပျော့နေပါရောလား။ ဟင်း .. ဟင်း အန်တီ သမီးတို့မိသားစုကို အလည်ဖိတ်ချင်လို့ပါ"

အလိုလေး .. စလာပါပြီ၊ နှစ်အိမ်ထောင် ရွှေလမ်းငွေလမ်းဖော မယ့် ဇာတ်လမ်းမျိုးလေ။ ရုပ်ရှင်တွေ၊ ဗီဒီယိုဇာတ်လမ်းတွေမှာဆို တော့ မင်းသမီးအိမ်ကို မင်းသားမိသားစုက အရင်ဆုံး လာလည် က ထုံးစံပေါ့၊ အခုက ပြောင်းပြန်ကြီး မဟုတ်လား..။

"ဟုတ်ကဲ့ .. မေမေတို့ပြန်လာရင် နွေး ပြောလိုက်ပါမယ် အန်
"ငယ်တို့ကို ပြောမှာဆိုတော့ သမီးက လိုက်ဖို့ အစီအစဉ်မ ပေါ့လေ၊ ဟုတ်တယ်လား.."





အဲ .. သိလိုက်ပြန်တာပဲလား..၊ ကျောင်းအုပ်ဆရာမကြီး ပီသ ပါပေရဲ့။ အရာရာ ထိုးထွင်းသိမြင်နေနိုင်တာလေ၊ နွေးကတော့ လူချင်း တွေ့ရသေးခင် ကြိုပြီး လန့်ရပါရောလား..။

"အင်း .. နွေး ဒီည အပြီးသတ် ကားဆွဲဖို့ရှိနေလို့ပါ"

"ကား .."

"ဟုတ်..၊ ဟိုလေ .. ပန်းချီကားကို ပြောတာပါ အန်တီ"

"ဩ .. သမီးက ပန်းချီလည်း ဆွဲတာကိုး၊ တော်လိုက်တာနော်၊ ငယ့်သမီးဆီမှာ ငယ်နဲ့မတူတဲ့ အရည်အချင်းတွေ ရှိနေတာပဲ"

အမယ်လေးလေး .. စွတ်ပြီး မြှောက်ပြောနေပြန်ပါပြီ။ မေမေ့ရှေ့ သွားပြောလိုက်လို့ကတော့ နှိပ်ကွပ်ပြလိုက်မယ့်ဖြစ်ခြင်း။ မေမေက ...မ်းရှေ့မှာ သမီးဖြစ်သူကို အပြစ်တစ်ခုချင်း ပြောတတ်ပါဘိသနဲ့..။

"လိုက်လာခဲ့ပါ သမီးရယ်၊ အိမ်တက်ဆွမ်းကပ်တုန်းက သမီးတို့ ...သားစုကို မဖိတ်လိုက်ရလို့ အန်တီ တမင် စီစဉ်ပေးတာပါကွယ်၊ ...နေ့စောင်း ခြေဆန့်လက်ဆန့် လမ်းလျှောက်ရင်း လာခဲ့ကြပါ၊ သမီး ...လာရင် အန်တီ့သားကို အခေါ်လွှတ်လိုက်မှာနော်၊ မပြောမရှိနဲ့.."

အား .. ဒါ ခြိမ်းခြောက်တာပါပဲလား၊ နှစ်သိမ့်နွေးကို ချောင်းပိတ် ...ရင် အလွယ်လေးဆိုတာကို ဖေဖေပဲ သိတယ်ထင်နေတာ။ အခု ...သူစိမ်းတွေတောင် သိတော့မှာလေ။

"လာခဲ့နော် သမီး၊ ငယ့် Hand Phone နံပါတ် မမေးရသေးလို့ ... Phone နဲ့ပဲ ဆက်လိုက်တာ ဒီညနေပဲနော်"

"ဟုတ်.."

Phone က ကျသွားချေပြီ။ ကဲ .. ဘေးကျပ်နံကျပ်ဖြစ်တယ်ဆို

www.burmeseclassic.com



"ဟင်း .. ဟင်း .. ဟင်း သမီးက သင်ပေးရင် တတ်မယ့် ကလေး ဖြစ်မှာပါ ယယ်ရယ် .. သူ ဝါသနာပါတာကို ကြည့်ကတည်းက ဘယ် လောက်သိမ်မွေ့သလဲ ကြည့်ဦး.."

"မထင်ရလနဲ့ မြင့်ရေ..၊ လူကသာ ဖအေနိုင်းထားလို့ ဆံပင် အရှည်ထားတာ..၊ စိတ်က ယောကျ်ားစိတ်လို လက်တစ်ဆစ်ရယ် ထစ်ခနဲရှိ ကောက်ချိတ်ဖြစ်တာလည်း မပြောပါနဲ့၊ စနေသမီး စိတ်က ကြီးပါ့"

"မေမေနော် အတင်းခေါ်လို့လည်း လိုက်လာရသေးတယ်၊ နွား ထပြန်ချင်အောင် အတင်းကြီး မပြောပါနဲ့"

"ဟုတ်သားပဲ ယယ်ရာ..၊ မင်း မွေးထားတာ ရှားရှားပါးပါး ဒီ သမီးလေးတစ်ယောက်တည်း ရှိတဲ့ဟာကို၊ ဒီသမီးဆို မကောင်းဘဲ အမြဲ ပြောပြောနေတာပဲ"

"တွေ့လား မြင့်နဲ့ ကိုနိုင်ရေ"

မေမေက ဖေဖေ့ဘက်ကို မေးငေါ့ပြကာ ပြောလိုက်လေ၏။ သူ ကတော့ စကားဝိုင်းမှာ ဝင်မပြောဘဲ မြူစိစိနှင့် ပြုံးနေဆဲပါလေ.. အမြင်ကပ်လိုက်တာနော် .. ဒါ ကျွန်မကို ချာတိတ်ဆိုပြီး ခပ်နှိမ်နှိမ် ကြည့်တဲ့ Style မျိုးပေးကိုး..၊

"အတော်ပဲ .. ယယ်တို့မိသားစု စုံတုန်း ပြောစရာရှိတယ်"

"ဘာများလဲ မြင့်ရဲ့.."

"ဩော် ဘာရှိမလဲ ယယ်ရဲ့ .. မြင့်မှာ သားရှိနေတာဆိုတော့ ယယ့်ဆီက သမီးတောင်းဖို့ပဲ ရှိတာပေါ့"

"ဟင်!..."





ကျွန်မ မျက်လုံးပြူးသွားရစဉ် သူက ပခုံးကို တွန့်ပြလိုက်လေ၏။ ကြည့်စမ်း .. သူ့မိဘတွေနဲ့ စည်းဝါးများ ကြိုတင်ရိုက်ထားလေသလား သိပါချေ။ စနောက်တယ်အထင်ဖြင့် အန်တီမြင့် မျက်နှာကို လှည့် ကြည့်တော့လည်း တည်တည်ငြိမ်ငြိမ် ပြုံးလို့ပါလား..။

"အဲဒါ သူကြီးဒေါ်နဲ့ ဖအေကိုပဲ မေးပါ မြင့်ရေ .. သမီးကို အုပ် ချုပ်နေတာ သူတို့မောင်နှမပဲ.."

"ဒါဆို ကိုအောင့်သဘောကရော ဘယ်လိုလဲ.."

"မြင့်ကလဲလေ သမီးဆိုတာ ဖအေ့အသည်းမှန်း သိရဲ့သားနဲ့..၊ အောင်သိမ့်ကို အားနာစရာ"

"အို!... ဘာ အားနာစရာရှိလဲ..၊ ဒီလူနဲ့ဒီလူ အရင်းကြီးဟာကို..၊ နဲ့ မြင့်က ယယ်ပေါင်းတွေပါ ကိုရဲ့ .. ပြောမနာ ဆိုမနာရှင့် .."

"ဩော် ... ဖအေရော သမီးပါ မျက်နှာတွေ ရဲနေတာကြည့်ပြီး နာသင့်လို့ ပြောနေတာ မိန်းမရေ့"

ဖေဖေက ကျွန်မကို တစ်ချက်ကြည့်ကာ ရှက်ရယ်ရယ်လိုက်ပါ ကျွန်မအပေါ် ဖေဖေ အဘယ်မျှ အချစ်ပိုသလဲဆိုတာကို ကျွန်မ လျှင် အသိဆုံး မဟုတ်ပါလား..၊

"ကျွန်တော်က သမီးကို အိမ်ထဲ ပိတ်သိမ်းထားပြီး တွန့်တိုတတ် အမျိုး မဟုတ်ရပါဘူး ခေါက်တာရယ်..၊ ဒါပေမယ့် ယယ့်လိုတော့ ကို အတင်းကြီး အိမ်ထောင်မကျစေချင်သေးတာကိုတော့ ဝန်ခံပါ လူကြီးတွေသဘောထက် လူငယ်တွေရဲ့သဘောက ပိုပြီး အရေး ယ်လို့ပဲ ပြောပါရစေ"

"ဒါတော့ ဟုတ်တယ်၊ ကဲပါလေ .. သားရဲ့ သဘောတရော.."



www.burmeseclassic.com

www.burmeseclassic.com



ယယ်ရဲ့ .. ထမင်းစားခန်းကို သွားကြစို့နော်”

အန်တီမြင့်က ကျွန်မလက်မောင်းကိုကိုင်၍ ခေါ်နေပြီမို့ စကားပြတ်သွားလေ၏။ ပြဿနာက အကြီးကြီးပဲ ဒေါက်တာ နေနန္ဒနိုင်ရေ- ရှင်နဲ့ ကျွန်မ စဆုံတုန်းက ခြေထောက်ကို အရင်ဖြတ်နင်းလိုက်သလို ဒီတစ်ခါ ခြေဆိုးချက်က ခါးနာသွားရတာထက် ပိုပြီး နာရတာ အမှ ပဲ..။

ဒါကို ရှင် သိပါရဲ့လား ..၊

“စားနော် ယယ် .. နောက်မှ တစ်ခါလောက် dinner ဖိတ်ကျွေး ပါဦးမယ်”

“မဟုတ်တာ ယယ်တို့က ဖိတ်ရမှာပေါ့ မြင့်ရဲ့ ..”

“ရပါတယ် ယယ်ရယ် .. ငယ်က အိမ်မှာ အမြဲရှိတာမှ မဟုတ်ဘဲ အိမ်ကို အလည်ခေါ်ဖို့ထက် သမီးကိုသာ မြင့်ဆီကို မကြာခဏ လွှတ် ပေးပါ”

“ဟာ!... မြင့်ကလဲ ကလေးက သူ့အလုပ်နဲ့သူ ရှုပ်နေတာကို”

“ကိုကလည်းလေ .. မြင့်က သမီးနဲ့ ဝါသနာတူမို့ ရင်းရင်းနှီးနှီး ရှိချင်လို့ပါ၊ ပြီးတော့ သမီးအတွက် တတ်သင့်တဲ့ အလုပ်မျိုးတွေလည်း သင်ပေးချင်တာလည်း ပါတာပေါ့။ ပို့မှာလား ယယ်”

“ရပါတယ် မြင့်ရဲ့ .. သူက အိမ်မှာ အလုပ်အကိုင်မရှိတဲ့ ၁၀၀ ၁၀၀ ပဲဟာ”

“ဟာ!... မိန်းမကတော့ကွာ .. သမီးကို ..”

အရင်ကလည်း အိမ်လာသမျှ ဧည့်သည်တွေကို ကျွန်မနှင့်ပတ်သက်ပြီး ဤသို့ ပြောနေကျပါပဲ။ သို့သော် ဒီနေ့ညနေ သူတို့မိသား





ရှေ့မှာ အခုလို အပြောခံရတာကိုတော့ ကျွန်မရင်ထဲ မခံချင်ဖြစ်ရတာ အမှန်ပါ။ နေခြည် ပြောသလို အရှက်အကြောက်ကြီးတယ်ဆိုတဲ့ မိန်း ကလေးက ဒီလူဒီလူတွေရဲ့ရှေ့မှာ ပိုရှက်တယ်ဆိုရင် မရိုးသားဘူးလို့ များ စွပ်စွဲလေမလား..၊

သူတို့မြင်ကွင်းမှ ထပြေးချင်သည့်စိတ်ကို ချုန်းအုပ်ထိန်းချုပ်ရ တာ ခက်ခဲလွန်းလှချည်ရဲ့။ သူ့ထက် ငါးနှစ်ငယ်တဲ့ ကလေးမို့ မရင့် ကျက်သေးတဲ့ ချာတိတ်ဆိုတဲ့ အတွေးမျိုးနဲ့ ကျွန်မကို မြင်နေတဲ့ သူတို့မိသားစုရဲ့အမြင်ကို ဖယ်ရှားပစ်လိုက်ချင်တာ ကရော ဘာကြောင့် များပါလဲ ..၊

ကြိုက်လှပါချည်ရဲ့ဆိုတဲ့ ကြက်သားပလာတာက ခါတိုင်းနှစ်ပွဲ လောက် အသာလေး စားနိုင်ပါလျက် အခုတော့ မျိုမကျ..၊ အန်တီမြင့် ထည့်ပေးသည့် ကြက်သားတုံးတို့ကလည်း အရာမယွင်း..။ အိနေ ညီအထင်ဖြင့် အချဉ်ပန်းကန်ရွှေ့ပေးသည့် သူ့ကို တစ်ချက်ကြည့် ပြီး မျက်နှာကို ပုပ်ထားလိုက်မိသည်။

ရေသန့်ဘူးကိုယူ၍ ဖွင့်တော့ ဘူးအသစ်မို့ အဖုံးက ဖွင့်မရ..၊ အားမရှိသည့် သက်က ကော်ဖုံးကြောင့် လက်ဝါးပြင် နီရဲသွားရလေ သည်။

“ကျွန်တော် ဖွင့်ပေးမယ်လေ”

“အဲဒါပဲ ဘာမှအဖြစ်မရှိတဲ့ ကလေးလေ၊ သူ့ကောင်လေး လိုလို မျက်စိနဲ့မြင်ပြီး ကြိုက်သလဲ မသိ..၊ ယယ်သာ ယောက်ျားလေး ဆိုင်းလိုမိန်းမမျိုး ယောင်လို့တောင် မချစ်ဘူး မြင့်ရေ.. တကယ် ပြောတာ”



www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်မလေးတွေကို သူက လိုက်ကြည့်ပြီး ရွေးချယ်နေတာ မဟုတ်တာလေ..၊

"ဒက်ဒီကလည်း ကျွန်တော် မချစ်ဘဲနဲ့တော့ ဒက်ဒီတို့ သဘောတူ တဲ့သူကို မျက်စိမှိတ်ပြီး မယူနိုင်ပါဘူး"

"အေးပါ.. ဒက်ဒီတို့ကလည်း သူ့ကိုယူရမယ်လို့ တရားသေကြိုး အမိန့်ပေးနေတာမှ မဟုတ်ဘဲ"

"ဟုတ်တယ်.. သား အချိန်ယူလေ့လာလို့ရအောင် မာမီတို့ပြော ထားတာလေ.."

"ဒါဆိုလည်း မာမီက သူ့ရှေ့မှာ သည်းသည်းလှုပ် မချစ်ပြနဲ့ပေါ့"

"ဟယ်!... မာမီ့ဟာမာမီ သမီးကိုချစ်တာ ပိတ်ပင်စရာလား သား ရဲ့.. မင်းနဲ့ မယူဖြစ်ရင်လည်း ကိစ္စမရှိဘူး။ နွေးဟာ မာမီ့သမီးပဲ၊ မာ သေတဲ့အထိ ချစ်သွားမယ် မှတ်..၊ ဟဲ.. ပြီးရင် ပန်းကန်သိမ်းဖြို့ ပေ

ပြောပြောဆိုဆို သူ့ပန်းကန်လုံးကို ဆွဲသိမ်းသွားတာကြောင့် မာ စိတ်ခုသွားပြီမှန်း သိလိုက်ပါ၏။ ခက်လိုက်တာ မာမီကို သူ ယ်ချ နှစ်ယောက် အချစ်ကြီးချစ်တာနဲ့ပဲ တလေးနှစ်ယောက်ကို အတင်းပြ နီးစပ်ခိုင်းလို့မှ မရတာလေ..။

"မာမီက ဒီအရွယ်အထိ ကောက်တတ်တုန်းပဲ"

"သားမာမီက ဒက်ဒီထက် ငယ်ငယ်ကို ပိုချစ်တာကွ.. ဒက်ဒီ လက်ခံတုန်းကတောင် ငယ်ငယ့်သဘောကို အရင်မေးပြီးမှ ဆုံးဖြတ် တာတဲ့..၊ သူတို့အချစ်က ဒက်ဒီတို့ထက် ပိုကြီးပါ"

"အရင်ဘဝက လင်မယားတွေ ဖြစ်ခဲ့ဖူးလားမှ မသိတာ..၊ ဒါ လည်း သားနဲ့သမီးကို သားနဲ့သမီးလို့ပဲ သဘောထားပေးပေါ့"





"ကဲပါ.. နှစ်ရှုရယ် .. မင်း မကြိုက်ဘူးဆိုရင်လည်း ဒီကိစ္စကို ဆက်မလုပ်ဖို့ ဒက်ဒီပြောလိုက်ပါ့မယ်..၊ duty ချိန်နီးပြီ မဟုတ်လား၊ သွားဖို့ ပြင်တော့လေ.."

"ဟုတ်ကဲ့ပါ.. ဒက်ဒီ"

သူ ထမင်းစားခန်းထဲမှ ထွက်လာကာ အပေါ်ထပ်သို့ တက်လာခဲ့ အင်း.. ညနေကျရင်တော့ မာမီ စိတ်ဆိုးပြေအောင်လို့ တစ်ခုခု လာပြီး ချော့ရဦးမှာပါလား..။

မာမီနဲ့ အန်တီငယ်တို့ ချစ်တာကို သူ အပြစ်မမြင်ချင်ပါ။ သို့သော် ကိုယူခဲ့တဲ့ ဒက်ဒီတို့လို ယောကျ်ားတွေထက် ပိုချစ်တာကိုတော့ လိုချင်ပါလေ။ သူ ပြောဖူးသလိုပဲ ၅၂၈ က ၁၅၀၀ ထက် ပိုပြီး များနေသလားပဲ..။

ရေမိုးချိုး အဝတ်အစားလဲပြီး ဆင်းခဲ့သော မာမီက သူ ယူသွားရ ပစ္စည်းတို့ကို အဆင့်သင့် ပြင်ပြီးချေပြီ..။ မျက်နှာက ခပ်တည် ဖြစ်နေတာကြောင့် သူ့ကို စိတ်ခုနေတုန်းပဲဟု အတတ်သိလိုက်ပါ

"ဘာဟင်းတွေ ထည့်ပေးထားလဲ မာမီ"

"သိချင်ရင် ဖွင့်ကြည့်ပေါ့"

ထဲ.. မပြောလား..၊ သူ့မာမီက အဲဒီလိုပါဆို..။ ကြည့်လိုက်ရင် စိတ်ရှည်သဘောကောင်းမည့် ပုံပေါက်နေသော်လည်း မာမီစိတ် ကျဖြစ်တိုင်း သူနဲ့ဒက်ဒီကို ဤသို့ဤနှယ် ဆန္ဒပြလေ့ရှိလေ၏။ ကိုပဲ စိတ်ဆိုးဆိုး သူ့ကိုပဲ စိတ်ခုခု နှစ်ယောက်စလုံးကို ဤသို့ သည်သာ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါလား ချစ်သူရှိနေတဲ့ မိန်းကလေးဆိုတာ ..၊ တကယ်ဆို သူ မျက်နှာပူပြီး ကြီးကြီးခင်ကို စိတ်ကောက်ရမှာလေ..။

ညည့်စန်းမှထွက်၍ ကားပေါ်တက်ရန် ကားတံခါးဖွင့်လိုက် အိမ်ဝမှာ သူမ ရပ်လိုက်လေ၏။

ကြည့်ပါဦး .. မသိရင် ယောက်ျား အလုပ်သွားမှာကို လိုက် အိမ်ရှင်မပုံစံမျိုး ဖြစ်နေတာ မဟုတ်လား ..၊

"ကျေးဇူးပဲ"

တိုးလျှလျှအသံကြောင့် သူလှည့်ကြည့်လိုက်စဉ် သူမက သူ မျှတ်ခနဲ ကြည့်ကာ မျက်လွှာချ လှည့်ဝင်သွားလေ၏။

မင်း ဘယ်လို မိန်းကလေးပါလဲ..၊





[ ၁၄ ]

"Morning Doctor ဒီနေ့နောက်ကျနေသလားလို့"

"Morning ပါ စစ္စတာ၊ ဟုတ်တယ် .. ဒီအလာမှာ လူနာဝင်ကြည့်နေလို့ပါ"

"တယ်ဆိုတဲ့ စာပါလား .. ကေနှ အဲဒီလူနာက ချောချောလှလှ မှ ဟုတ်ရဲ့လားရှင်"

စစ္စတာနော်အယ်ဝါး၏ စကားကြောင့် သူ ပြုံးလိုက်မိ၏။ အဲဒီ မှာ မိန်းမချောလေးရှိတာ မှန်ပေမယ့် အဲဒီမချောလေးကို သူ ဆေး ပေးရတာမှ မဟုတ်တာလေ..။

"မဟုတ်ပါဘူး စစ္စတာရယ်"

"သေချာလို့လား ဒေါက်တာ ကျွန်မနှာခေါင်းထဲမှာ သနပ်ခါးနံ့ ရသလားလို့"

"ဟောဗျာ .."

သူ မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး .. သူမ မပြေမပြစ် လူးထားသည့် သနပ်ခါးရနံ့တို့
သူ့ကိုယ်မှာများ ကပ်ပေလာလေသလား..။

"မစ,ပါနဲ့ စစ္စတာ"

"တကယ်ပြောနေတာပါ ဒေါက်တာရဲ့ .. ဒေါက်တာ့ကောင်မလေး
ဆီကလား"

"တော်ပြီ .. တော်ပြီ၊ ရှေ့ဆက်ပြောနေရင် ကျွန်တော့် လျှို့
ချက်တွေ အကုန်ပေါ်ကုန်တော့မှာပဲ စစ္စတာရယ် .."

"ဟော .. ဒါဖြင့် ဒေါက်တာ့မှာ Top Secret တွေ ရှိနေတာ
ပဲလား"

သူက ခေါင်းကို ဖြည်းဖြည်းခါပြလိုက်ပြီး ရုံးခန်းတံခါးကို
ဖွင့်ဝင်လိုက်ရတော့၏။ ဒီဆေးရုံမှာ နောက်ဆုံးမှ ဝင်တဲ့သူ ဖြစ်ပါ
အားလုံးနှင့် ရင်းနှီးမှုမြန်တာ ဘာကြောင့်ပါလိမ့်နော်..။

"ဩော် .. ပေါ်လာသေးတယ်ပေါ့လေ၊ မင်း duty ကို မျိုး
အစားဝင်လိုက်ရပြီ"

"Operation လား"

"အေး .."

"Emergency မို့လို့လား"

"မဟုတ်ပါဘူး .. Teenage လေး အူအတက် လာဖြတ်တာ

"တော်သေးတာပေါ့"

"မတော်နဲ့ နန္ဒရေ့ .. မင်းကို ဒေါက်တာနေနိုင့်ခြေရာ မမီ
ဝိုင်းဝေဖန်နေကြတာကွ"

မင်းချာန်စကားက သူ့ရင်ကို အောင့်သွားစေပေမယ့် အပြုံး





နှာခေါင်းကိုသာ ရှုံ့ပြလိုက်မိ၏။ အဖေကို ခြေရာယှဉ်ရအောင်
က ကျေးဇူးကန်းတဲ့ သားမျိုးမှ မဟုတ်တာလေ..။

"ပြောလည်း ခံရမှာပဲ မင်းချာန်ရယ်"

"မင်းဟာလေ အန်ကယ်က စိတ်ထက်ပြီး ဆုံးဖြတ်ချက်ကို မြန်
မှန်ကန်အောင် ချနိုင်တဲ့ နေရာမှာသာတာပါ၊ မင်းကတော့ ဝါန
လို့ အဲဒီနေရာတွေမှာ နောက်တွန့်နေမှန်း ငါတို့သိထားပါတယ်
ရယ်..၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်"

"ဘာကိုလဲ"

"အေး .. မင်းလက်ထပ်မယ့် မိန်းကလေးကို ရွေးတဲ့နေရာမှာ
ဒီလိုမအူမလည်နဲ့ တွေဝေတုံ့ဆိုင်းနေလို့ မရဘူးမှတ်..၊ အဲဒါဆို
တော့ မင်း ကျန်ရစ်ဖြစ်ဖို့ သေချာပြီပဲ"

သူ ခေါင်းခါပြလျက် ရယ်လိုက်မိပါ၏။ လက်ထပ်မယ့် မိန်းကလေး
..၊ အာရုံထဲ ဖျတ်ခနဲ ပေါ်လာသည့် နွေးမျက်နှာကြောင့် နှုတ်ခမ်း
က အလိုလိုပြုံးမိလျက်သား ဖြစ်သွားလေသည်။ ရွေးချယ်ဖို့တဲ့..
ရွေးတာမှ မဟုတ်ဘဲ၊ သူမကသာ သူ့ကို လက်မခံချင်လို့ သူ့
ရှောင်ဖယ်တဲ့သူလေး..။

"ဟော .. မင်းမျက်နှာ ဒီလောက်ပြုံးနေပုံထောက်ရင် ငါပြောတာ
တိမှန်နေပြီ မဟုတ်လား"

"ဘယ်ကလာ"

"မဟုတ်ရင် ဒီလိုမျိုး မင်း ဘယ်ပြုံးမှာလဲကွ၊ ပြောပြဦးလေ ..
တာကြီး သဘောတူတာ ဝါဝါသိမ့်လား .. နုနုဝေလား ..
မလေး ဘေဘီရဲမြင့်လား .."



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ဟာလေ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက ချာတိ
ပေါက်စလေးလို မျက်နှာအမူအရာကို မထိန်းတတ်သေးပါလား။

သူနဲ့ နည်းနည်းပါးပါး စကားများရုံနှင့် မျက်နှာက မြင်မရအော
မျက်နေရတော့တာလေ..၊ ဒေါက်တာ ဝါဝါသိမ့်က duty Roster ကို လှ
ရင်း လှမ်းပြောလိုက်လေ၏။

"ဒီ Sunday ဝါနဲ့ Night duty ဆင်းဖို့ အလှည့်ကျတဲ့ သူ
မင်းသားဖြစ်နေပါရောလား"

"ဘယ်က မင်းသားတုန်း ဝါရဲ့"

"ဒီဆေးရုံရဲ့ ခေါင်းဆောင်မင်းသားကို ပြောတာပေါ့ နရဲ့ .. မ
ဘူးလား"

"သြော် .. ကိုနနှကို ပြောတာလား"

စနောက်လိုက်တာဖြစ်ပေမယ့် သူက မင်းချာန်ကို အမှတ်တ
ဖြင့် ကြည့်လိုက်မိလေ၏။ မင်းချာန်က စားပွဲထက်ရှိ ပစ္စည်းတွေ
ဟိုဒီရွှေ့ကာ အလုပ်များဟန် ပြုနေပါသည်။ သူ့ကို ခေါင်းဆော
မင်းသားလို့ တင်စားတာကိုရော ဒီကောင် ကျေနပ်ပါရဲ့လား ..၊

"Saturday ကရော ဝါ"

"အင်း .. စနေနေ့က တို့ Second မင်းသားနဲ့ ဟင်း .. ဟ
ဟိုဘိုမရုပ်လေးတော့"

"ဘောဘီဖြင့် ဘောဘီလို့ ရှင်းရှင်းပြောလည်း ရပါတယ် ဝါဝါရယ်
ဘာလို့ အစ်အောက်ရယ်နေရတာလဲ"

"ဟောတော် .. ယူ့ကို Second မင်းသားလို့ ခေါ်တာ မကြည်
သဘောပေါ့လေ၊ ဘောဘီနာမည်ကို ကြားမှ ဖြစ်မှာလား ကိုချာန်"





"ဟာ!... တိုးတိုးဗျ .. ဟိုက ဝင်လာလို့ကြားသွားရင် ဘယ်ကောင်း
လဲ..၊ မင်းတို့ကတော့လေ .. လူတစ်ဖက်သားကို အရွှန်းနဲ့ မဖွဲ့
င်နေ"

"ဘာဖြစ်လဲ .. ကြားသွားလည်း နားဖောက်ပြီးသား ဖြစ်တာပေါ့
ချာန်ရဲ့ .. ကိုချာန်ပြောရမှာတောင် သက်သာသေးတယ်၊ မဟုတ်
သလား နရယ်"

"အေးလေ ဒီလောက်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးကို မကြိုက်
လား..၊ ပြော .. ဆေးရုံတစ်ခုလုံးက ကိုချာန်နဲ့သူ့ကို အတွဲညီပြီး
ထေးတာကိုများ ကြေးကများသေး"

မင်းချာန် တရှုးရှုးဖြစ်လာတော့၏။

သူက ဘာပြောပြော သည်းခံပြီး ငြိမ်နေတတ်သူမို့ ဘယ်လိုတွဲစ
ကတော့ ရီးသွားကြတာပင်..။ ဒီကောင်ကတော့ နည်းနည်းလေးမှ
ခံနိုင်သည့် အထိမခံ ကြောင်ပန်းကန်ပေကိုး ..၊

"မကြိုက်ပါဘူး .. ဘာကိစ္စကြိုက်ရမှာတုန်း။ မျက်လုံးကာ ဝိုင်း
နှာခေါင်းကချွန်ပြီး ကော်ပတ်ရုပ်နဲ့ပဲတူတဲ့ဟာ ..၊ ဘာမှ ချစ်စရာ
ကောင်းဘူး"

"ဟယ်.. ဝါတို့သူငယ်ချင်းကိုများ မှိုရှိုးမျှစ်ချိုး ပတတ်ချိုး ပြောရ
ယ်လို့၊ အဲဒီ ကိုချာန်က ထကယ်ပဲ"

"အေးလေ .. ဒါဆို ဘယ်လိုပုံစံမျိုးကြိုက်လဲ ပြော .."

"ဘယ်ပုံစံမှ မကြိုက်ဘူး"

"ဒါဆို မိန်းမတွေကို စိတ်မဝင်စားဘူးဆိုတဲ့ သဘောပေါ့လေ..
တ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း Taxi နဲ့ပဲ လာတာပါ အန်တီ"

"ဒါဆိုလည်း လင်းလင်းလာမှ အတူတူပြန်လေ သမီးရဲ့"

"ဟုတ်ကဲ့"

"ဒေါက်တာနဲ့ အတူတူဝင်လာတာဆိုတော့ သမီးတို့ သိပြီးပြီ...

"ဟုတ်ကဲ့ အန်တီ..၊ ဒေါက်တာက နွေးကို အန်တီရှိတဲ့အ... ဆီခေါ်လာပြီး ပိုင်းကူသယ်လာပေးလို့ အားနာနေတာ"

"သမီးသူငယ်ချင်း ဆိုပေမယ့် တူမလေးလို သမီးလေးလို အ... တူချစ်ရတာပါပဲ ဒေါက်တာရယ်..၊ လင်းလင်းထက် အများကြီးဖေ... ပြီး လိမ္မာရေးခြားရှိတဲ့ ကလေးပါ၊ အန်တီ့သမီးကတော့ ငွေဆို... မိဘပိုက်ဆံအိတ်ထဲက လာတာ..၊ ဆန်ဆိုတာ ဆန်ပုံးထဲက ရှိတာ... မှတ်တဲ့ ကလေးလေ"

ဘာရယ်မဟုတ်ဘဲ ရယ်ဖြစ်ကြလေ၏။

လူနာက တားနေတာမို့ အားနာသမှုနဲ့ ထမပြန်ဖြစ်သေးပေ... နာရီက ၉ နာရီကို ညွှန်ပြနေချေပြီ ..၊ ကြည့်ရတာ ဒီဆရာဝန် Nig... duty ထွက်တာပဲ ထင်ပါရဲ့ ..၊

"နွေးက ဘယ်ကုမ္ပဏီမှာ လုပ်တာလဲ"

"အမယ်လေး .. သူ့အဖေက သူ့သမီးလေးကို စိတ်မချလို့ဆို... အပြင်ထွက် အလုပ်မလုပ်စေဘူး ဒေါက်တာရေ..၊ အိမ်မှာပဲ ထား... မယ့် အိမ်တွင်းစီးပွားရေးလုပ်ပြီး ငွေရှာတတ်တယ်ရှင့်"

"ဘာလုပ်တာလဲဟင်"

စပ်စုရန်ကောဟု ရန်လိုလိုက်ချင်ပေမယ့် သူ့ ဥပမိရုပ်ကြော... မလုပ်ဖြစ်ပါလေ ..။





"Plant deceration ပါ ဒေါက်တာ"

"ဟင်!... ဒါဆို ဟို .. အပင်တွေနဲ့ အရုပ်ပုံလှလှလေးတွေ လုပ်... လား"

"ဟုတ်ပါတယ်"

"ဒါဆို မေမေ့ကို ပြောရဦးမယ်..၊ မေမေလည်း ခြံထဲမှာ အလှ... ...တာ အရမ်းသဘောကျတာ"

တွေ့သွားပြန်ပြီ အလုပ်တစ်ခုလေ ..၊

ဒီဒေါက်တာကတော့ဖြင့် သူ့လိုမျိုး နွေးကို မတူမတန်သလိုမျိုး ...ဆံတာ မရှိပါလား။

ပြီးတော့ နွေးကို အိမ်ကမသိအောင် ရည်းစားထားတဲ့ ကောင် ...ဆိုပြီး အထင်မှား အထင်သေးတာမျိုးလည်း မရှိတာကိုး ..။

"အဲဒါဆို နွေးကို ဘယ်လို ဆက်သွယ်ရမလဲဟင်"

စိတ်ထဲမှာ ကျိတ်ပြုံးလိုက်မိပါ၏။

ညာသား ပါသားပါလား ..၊ Adress နဲ့ Phone နံပါတ်ကို ...အောင် စုံစမ်းချေပြီကိုး..။

...ထူးတော့ပါဘူး သိအောင် ရေးပေးလိုက်တာကမှ အေးတော့ ...။

"ဆိုင်နာမည်တို့ Hand Phone တို့ ရှိလား .."

"ဟင့်အင်း မရှိပါဘူး .. ဒေါက်တာ လိုတာမှာချင်ရင် နွေးတို့ ...hone ကိုပဲ ဆက်သွယ်ကြတာပါ..၊ တစ်နိုင်ပဲလုပ်တဲ့ အလှမို့ ...တွေဘာတွေ လုပ်မထားပါဘူး။ ဒေါက်တာလိုချင်ရင် အိမ်Phone ... ရေးပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"OK .. အဲဒါ အဆင်ပြေသွားတာပေါ့"

အိတ်ကပ်ထဲမှ Note book သေးသေးလေးနှင့် ballpen ထုတ်၍ လှမ်းပေးလိုက်သည့် ဒေါက်တာ့ထံမှ ကျွန်မ လှမ်းယူလိုက်စဉ် လ… ဖျားချင်းထိမိသွားရတာမို့ မျက်နှာခပ်နွေးနွေး ဖြစ်သွားရပါ၏။

ဖြစ်ပြန်ပြီ .. ဒီလိုသူစိမ်းယောကျ်ားတွေနှင့် အမှတ်မထင် ထိ… သွားမိတိုင်း ကျွန်မ မျက်နှာပူရတဲ့ အဖြစ်ဆိုလ ..၊

အန်တီ့ခုတင်ဘေး စားပွဲမှာပင် ကျွန်မနာမည်နှင့် အိမ် Pho… နံပါတ်ကို ရေးပေးနေစဉ် Nurse မလေး ပြန်ရောက်လာလေ၏

"Sorry ကြာသွားလား ဒေါက်တာ"

"ရပါတယ် နီနီရဲ့…"

"ဒေါက်တာ ပြန်နားရင် နားတော့နော် .. တစ်ညလုံး တစ်… မမှေးရသေးတာကို နှိပ်စက်သလို ဖြစ်နေပြီ၊ အားနာလိုက်တာ"

"မလိုပါဘူး နီနီရယ် .. အချင်းချင်း ကူညီရတာပဲ၊ ဘာမှ… ပါဘူး..၊ ခုနေ ပြန်ချင်ရင် ကျွန်တော့်ကားနဲ့ လိုက်ရင် လိုက်လို့ရပါ… နော် .."

ထင်တဲ့အတိုင်းပါပဲလား ..၊ အိမ်ပါသိချင်၍ လိုက်ပို့ဖို့ လမ်းကြော… ဖြန့်ပြီကိုး..၊

သို့သော် ဤဒေါက်တာ ခေါ်ပုံက သူ့လို ပိုင်စိုးပိုင်နင်း … တော့ မပါဝင်ပါချေ..။

"ကျေးဇူးပါပဲ ဒေါက်တာ .. ကျွန်မသူငယ်ချင်းနဲ့ ပြော… သေးလို့ မပြန်သေးပါဘူး။ ဒေါက်တာ ပင်ပန်းနေမှာမို့ ပြန်နား… လိုက်ပါ"



"ဒါဆိုရင်လည်း ပြန်ပါဦးမယ်၊ ခွင့်ပြုပါဦး အန်တီ .. မနက်ဖြန်မှ …စ်ခေါက် လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"Phone ဆက်လိုက်မယ်နော်"

ကဲ .. ပြန်ခါနီး ပြောဖြစ်အောင် ပြောသွားသေးတဲ့ ဒေါက်တာပါပဲ …ား..။ အန်တီနှင့် ထွေရာလေးပါးပြောအပြီး အိပ်ဆေးအရှိန်ဖြင့် ပြန် …ိပ်ပျော်သွားစဉ် နာရီက ၁၀ နာရီထိုးချေပြီ..။

Nurse မလေးနှင့်အတူ အန်တီ့ကို သက်သောင့်သက်သာ ဖြစ်…အောင် ပြန်လှဲပြီး သိပ်ပြီးစဉ် နေခြည် ရောက်လာလေ၏။

"ဟယ်!... နင်ရောက်တာနဲ့ အတော်ပဲ၊ ငါ ပြောစရာ ရှိတယ်"

"ရှူး .. နင့်မာမီ အခုလေးတင်ပဲ အိပ်ပျော်သွားတာ၊ ပြောစရာရှိ…တာ နောက်မှပြော .."

နေခြည်က ထမင်းချိုင့်ထည့်လာသည့် ခြင်းကို စားပွဲထက်တင်… ပြောလိုက်တာမို့ လေသံခပ်အုပ်အုပ်ဖြင့် တားလိုက်ရပါ၏။

မအေတစ်ယောက်လုံး သေကောင်းပေါင်းလဲဖြစ်တာကို ဆေးရုံ…တဲ့ Fashion က ခါတိုင်းလိုပင် မလျော့ပါလား ..၊

"မာမီနိုးတဲ့အထိ စောင့်မှာလား"

"မစောင့်ပါဘူး .. ထမင်းကျွေးဖို့ နင့်ဘာသာနင် စောင့်ပါလား၊ …ိမ်မှာ လုပ်စရာတွေ ရှိတယ်၊ ပြန်မှာ .."

"နင်ကလည်း ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး …ဦးမှပေါ့"

"မဖြစ်ဘူး နေခြည်ရဲ့ .. အိမ်မှာ ကြီးကြီးလည်း …ိပ်နေကောင်း

www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ရင် တစ်ခွန်းမခံဘူး၊ လာ .."

လာ .. လို့ ပြောတဲ့သူကပင် ကျွန်မကို ကားထဲတွန်းထည့်ပြီး တံခါး ပင်ပိတ်လိုက်ချေပြီ။ သွားပါပြီ .. ညနေခင်း လေကောင်းလေသန့်ရှူပြီး လမ်းလျှောက်မယ့် အစီအစဉ်တော့ ပျက်ပြီလေ..၊

"သူနဲ့ တွေ့ဖြစ်သေးလား"

"ဘယ်သူလဲ"

"ညံ့ပါ့ကွာ .. မင်းရဲ့လူကို ပြောတာပေါ့၊ ဒါလေးတောင် မသိဘူး"

လာပြန်ပြီ ..၊ မရှိတဲ့လူကို အတင်းကြီး လိုက်မေးနေတော့တာ ပါပဲလား။ 'သူ'ဆိုရှိ ဟိုနေ့က ဆေးရုံမှာ နွေးကို ကူညီခဲ့တဲ့ ဆရာဝန် လေးကို သတိရသွားပါ၏။

ဟုတ်တယ် .. အဲဒီဒေါက်တာ မင်းရျာန်ထူးကမှ သူ့ထက် ပို သဘောကောင်းပုံ ရှိတာလေ..။

"တွေ့တာပေါ့"

"ဟာ!... မင်းမေမေ သဘောမတူဘူးလို့ ပြောထားတာတောင် တွေ့တုန်းပဲလားကွ..၊ မင်း ဘယ်လိုဟာလေးလဲ"

"ဘာဖြစ်လဲ .. အဲဒါ ရှင့်ကိစ္စမှ မဟုတ်တာ..၊ ယောကျ်ားလေး ဖြစ်ပြီး နေရာတကာ ပါလိုက်တာ"

"ကိုယ်က မင်းကို အန်တီငယ်တို့ ဆူမှာရိုက်မှာစိုးလို့ သတိပေး တာပါကွာ..၊ ဝင်ပါနေတာမျိုး မဟုတ်ပါဘူး"

အရိုက်ထိသွား၍ထင့်..၊ သူ နှုတ်ပိတ်ထားလိုက်လေ၏။ နေခြင်း သာ သိလိုက်တော့ဖြင့် ကျွန်မကို အပေါက်ဆိုးတယ်လို့ ပြောဦးမှာပါ မတတ်နိုင်ဘူးလေ..၊ နွေးက နဂိုကတည်းက စကားတတ်လှ





တဲ့ သူကိုး ..။ သူတို့ခြံထဲရောက်တော့ မီးတွေပင် စထွန်းချေပြီ..။

ခပ်လှမ်းလှမ်းမှာ ရှိနေသည့် ရေကန်လေးဆီ လှည့်မျှော်ကြည့် လိုက်ပေမယ့် အပင်တွေကြောင့် မမြင်ရပါချေ..။ ဒီခြံကိုရောက်ရင် ကျွန်မ သဘောအကျဆုံးက အဲဒီရေကန်လေးပင် မဟုတ်ပါလား ..။

"သား ပြန်လာပြီ..၊ ဟောတော် သမီးလေးပါ ခေါ်လာတာကိုး"

အိမ်ဝမှ ဆီးကြိုလိုက်သည့် အန်တီမြင့်ကို ပြုံးပြလိုက်ရပါ၏။ နဲ့အကြောမတည့်ပေမယ့် အန်တီမြင့်ကိုတော့ နွေးမေမေလိုပင် ချစ် ည်လေ။ နောက်ဘက်မှ ကားမီးအလင်းရောင်ကြောင့် အိမ်ထဲမဝင် သေးဘဲ လှည့်ကြည့်လိုက်မိသည်။

"Dinner ရှိတဲ့ လူက အစောကြီး ပြန်လာတာပါလား"

"ဟုတ်တယ် မြင့်ရေ .. သူတို့ညှော်ခံတာထက် မြင့်ချက်ထားတဲ့ ဟင်းအိုးက ကိုယ်ပိုကြိုက်တဲ့ အစားအစာကိုး..၊ ဟော .. မြင့်သမီး ရောက်နေတာလား"

"ရောက်နေတာ မဟုတ်ဘူး ကိုရေ .. သားရဲ့ကားနဲ့ ပါလာတာ"

"ဟုတ်လား .."

"ကဲ .. ကဲ .. အထဲဝင်ကြရအောင်"

အန်တီမြင့် ခေါ်ပြီမို့ အားလုံး အိမ်ထဲသို့ ဝင်ခဲ့ကြပါ၏။ အင်း .. ဒီ လာရင်းကိစ္စကို မပြောရသေးပါလားနော်..၊

"ခဏလေးနော် သမီး .. အန်ကယ် ရေချိုးလိုက်ဦးမယ်၊ ပြီးမှ စုတူ ကြေးအိုးသောက်ကြတာပေါ့"

ဟိုက် .. မှောင်မယ့်ကိစ္စကတော့ ပေါ်ပြန်ချေပြီ..။ သူကိုပင်မီး ကြည့်လိုက်စဉ် လက်တစ်ဖက်ထောင်ပြလျက် အန်ကယ့်နောက်မှ ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ဒုက္ခပါပဲ .. ပြောစရာရှိတာပြောပြီး မြန်မြန်ပြန်ပါမယ်ဆိုနေမှ

"ဟိုလေ ..."

"အတော်ပဲ .. အန်တီတို့ စားပွဲပြင်ရအောင် သမီးရယ် .. လာ

ကဲ .. ဘာဆက်ပြောလို့ ရပါတော့မလဲ..၊ အန်တီ့နောက်မှ ပါလာ

ရင်း သူ့ကို မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့မိတော့၏။

ဟုတ်တယ်လေ လမ်းမပေါ်မှာကတည်းက ပြောပြီးပြန်ရင် အ

လောက်ဆို အိမ်ကိုရောက်နေပြီ..။

ပြီးတော့ ဒီညမှာ ဆွဲလက်စပန်းချီကားကို နောက်ဆုံး အချော

သတ်ပြီး (နွေးကို ပန်းချီသင်ပေးခဲ့သည့်)ဆရာ ကိုသက်နိုင်ဆီ နော

နှစ်ရက်သွားပို့ပေးရမှာလေ..၊

အခုတော့ ဒင်းကြောင့် ညဉ့်နက်မှ အိပ်ရမှာ သေချာသလော

ပါပဲလား..။

"သမီးလေး Sauce ပုလင်းလေး ကမ်းပေးပါဦး"

"ဟုတ်ကဲ့ .."

စိတ်တွေ ဟိုရောက်ဒီရောက်ဖြစ်နေရာမှ အာရုံကို စုစည်းလို

ရပါ၏။ မျက်စိရှေ့ ပြင်ဆင်ထားသည့် စားပွဲက ပြည့်စုံနေလေပြီ

ငါနယ်နော် .. အန်တီနဲ့ ဝိုင်းကူမယ်ဆိုပြီး ဘာမှဖြစ်ဖြစ်မြော

မြောက် မကူလိုက်ရပါလား။

"လူစုံမှ ဒါလေးတွေ ဆယ်ထည့်ကြတာပေါ့"

ပြုတ်အိုး ပွက်ပွက်ဆူနေတာထဲကို အသားလုံးလေးတွေ ထ

ပြီး ပြောလိုက်တာမို့ အန်တီလုပ်နေရာဆီ လှမ်းကြည့်လိုက်ပါ၏





အို.. ငုံးဥပြုတ်လေးတွေရော ငါးဆုပ်လုံးလေးတွေကပါ စားချင်

စွယ် ဖြစ်နေပါရောလား..၊

"ဟိုကလေးမ ဘာလိုက်ရှုပ်နေတာလဲ..၊ အပူလောင်ဦးမယ်"

"အမလေး!.."

နောက်မှရောက်လာသည့် သူ့အသံကြောင့် ရုတ်တရက်လန့်သွား

ပြီး ငုံးဥပစ်ထည့်ရာမှ ရေနွေးပူ စင်လေတော့၏။ အဲဒီလိုမျိုး နွေးက

အလန့်တကြား ဖြစ်တတ်တာကို သူ မသိလေရော့သလား..။

"လောင်သွားပြီလား .. မြစမ်း .. အဲဒါကြောင့် ပြောနေတာ..၊

လုပ်တတ်ဘဲ ဝင်မလုပ်ပါနဲ့ဆို ပြောရင် ပြောတဲ့အတိုင်း နားမထောင်

ဘူး အရမ်းနားကောက်တဲ့ဟာလေး .. မာမီကလည်း သူ့အကြောင်း

သိရဲ့သားနဲ့ ခိုင်းရတယ်လို့"

နောက်ကျောဘက် ဝှက်ထားသည့် ကျွန်မလက်ကို လိုက်ဆွဲကာ

အတွတ်တွတ် ရေရွတ်နေသည့်သူ့ကြောင့် အစန်းထဲဝင်လာသည့်

အန်ကယ်ပင်မက အန်တီရော နွေးပါ ပါးစပ်အဟောင်းသားဖြင့် အံ့ဩ

နေမိတော့၏။

ရှင် ဘယ်လိုလဲ ဒေါက်တာ နေနန္ဒနိုင်..။



www.burmeseclassic.com

www.burmeseclassic.com



## [ ၂၀ ]

"ဒီနေ့ဆင်းမှာမို့ နွေးကို ခေါ်ထားတယ် ဖမေ"

"အေး .. အေး .. ပြန်လာရင် ကြီးကြီးနဲ့ ပန်းကန်တွေ၊ ခွန်းတွေ ထုတ်ဆေးပြီး သုတ်ထားပေးဦး .. မေမေ အရှိုပွဲအတွက် ထွက်ဝယ် ဦးမယ်"

"ဟုတ် .."

ရေချိုးရန် အပေါ်ထပ်သို့ တက်လာခဲ့ပြီး ညက ဖေဖေ ပေးထား သည့် လက်ဆောင်ထုပ်ကို အရင်ဖောက်ကြည့်လိုက်ပါ၏။ မေမေ တော့ မနက်ဖြန်ညမှ ပေးမှာတဲ့လေ..။

"ဟယ် .."

အဖြူရောင် ဂါဝန်ဖားဖားလေးကိုကြည့်ပြီး ဝမ်းသာမှုက ပြောမ တတ်အောင်ပင်။ လှလိုက်တာနော် ..၊ ရင်ဘတ်နေရာ လက်မောင်း အရှည် အဖျားလေးတွေနှင့် ခါးနေရာမှာ စိန်ကလေးတွေလို ကျောက်





မြူလေးတွေ စီထည့်ထားတာမို့ တလက်လက်နှင့် တောက်ပနေတာ တို..။ လည်ပင်းက အရမ်းကြီးမကျယ်ဘဲ အနေတော် လေးထောင့်ပုံ လေးမို့ ကျွန်မ စိတ်ကြိုက်ပုံပါပဲ..။

"ဒါဝတ်ပြီး ညှို့စံရမှာလား .. အာ!.. ဘုန်းကြီးဆွမ်းကျွေးပွဲဟာ ကို ဘယ်လိုဝတ်လို့ ရမှာလဲ"

တစ်ယောက်တည်း ရေရွတ်ရင်း ကျိက်ရယ်လိုက်မိ၏။

လုံချည်နှင့် ဘောင်းဘီရှည်သာ ဝတ်လေ့ရှိတာမို့ ဂါဝန်ဝတ်လေ့ ရှိသည့် သမီးကို ဖေဖေဘာသဘောနှင့်များ ဝယ်ပေးရတာပါလိမ့် နော် ..၊

"ခေါက် .. ခေါက်"

"မမ .."

"ဘာလဲဟာ .. ငါ ဒီမှာ ရေချိုးမလို့ပါဆို"

"Phone လာနေလို့ပါ"

"အဲဒါ ဘာလဲမေးပြီး ကိုင်လိုက်ပါလား လုံးချစ်ရဲ..၊ ရေချိုးတော့ မယ်လူကို လာခေါ်ရသလား"

"ကိုင်ထားတယ်လေ မမရဲ့ .. မမကိုပဲ ခေါ်ပေးပါဆိုလို့ပါ"

တွေ့လား ..၊ အဲဒီကောင်မလေးကတော့ သင်ပေးနေတဲ့ကြားထဲ က တော်လွန်းနေတာလေ..။ တဘက်ကို ပခုံးထက်လွှမ်းပြီး အခန်းထဲမှ ထွက်လာရတော့၏။ အလုပ် Phone မို့ ကိုယ်တိုင်ပြောရမည် ကြောင့်ပဲ ထင်ပါရဲ..၊ အပေါ်ထပ်ဧည့်ခန်းမှ Phone ကို အမြန် တောက် ကိုင်လိုက်ရတော့သည်။

"ဟယ်လို .."



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... အဲဒီလို မွေးနေ့လုပ်တာ မဟုတ်ပါဘူး ဒေါက်တာ… သံဃာဆွမ်းကပ်တာမျိုးပါ။ ဒေါက်တာ ထင်သလိုမျိုး မဟုတ်ရပါဘူး"

"ဘာပဲလုပ်လုပ်လေ..၊ နွေးတို့အိမ် အလှူဆိုတော့ ကိုယ်လည်း… လာချင်တာပေါ့"

"လာလို့ရပါတယ် ဒေါက်တာ..၊ နွေး ဖိတ်ပါတယ်ရှင်"

"ဘယ်အချိန် တရားနာရမှာလဲ"

"အစောကြီး လာနိုင်လို့လား"

"လာမှာပေါ့"

အလိုလေး! တကယ့်ကို လာမယ့်ပုံပါပဲလား..။ ဘာပဲဖြစ်ဖြစ်… သူငယ်ချင်းလည်း ဖြစ်..၊ ဆရာဝန်လည်း ဆရာဝန်မို့ မေမေတို့… ငြင်လောက်ပါဘူးနော်..။ အင်း .. ဖိတ်မှတော့ လာမှာသေချာသလော… ပါပဲ..။

"မနက် ၇ နာရီပါ"

"Ok ကိုယ် အစောဆုံး ရောက်အောင်လာခဲ့ပါမယ်"

"ဒေါက်တာ့ duty ကရော .."

"duty က ၁၀ နာရီမှပါ နွေးရဲ့..၊ နေဦး .. ကိုယ်တစ်ခုလော… တောင်းဆိုချင်လို့"

"ဘာများလဲ"

လာပါပြီ..၊ သိပ်မရင်းနှီးပါဘဲ တောင်းဆိုဦးမတဲ့..၊ ရဲတင်းလှ… လားဟု အပြစ်မတင်ဝံ့ပါလေ..။ သူ ပြောပုံဆိုပုံကိုက သိမ်သိမ်မွေ့… နဲ့ပေကိုး..၊

"ကိုယ့်ကို ဒေါက်တာလို့ မခေါ်ဘဲနဲ့ ကိုချာန်လို့ ခေါ်ပေးပါ…



ကျွန်မ နှုတ်ခမ်းအစုံဟာ့ကာ အံ့ဩပြုလိုက်ပြီး ရယ်လိုက်မိပါ၏။ …နှံ့ချေပြီ..၊ ကျွန်မထက် လေးငါးနှစ်ကြီးတဲ့လူက အခုလို တောင်းဆို… ဘာကို သူ့သဘောအတိုင်း လိုက်လျှောသင့်ပါသလား..။ ဟင့်အင်း.. …ဆိုင်လိုက်တာ..၊ တကယ်ဆို မေမေ့သူငယ်ချင်းရဲ့သား ဒေါက်တာ… …နှနိုင် တောင်းဆိုတုန်းကတောင် 'ကိုကို' လို့ ကျွန်မ မခေါ်ဖြစ်သေး… ဘာလေ..။

"ဒီလောက်လည်း မရင်းနှီးသေးဘဲနဲ့များ မခေါ်ချင်ပါဘူး"

"ဟာ!... နွေးကလည်း ဒီ့ထက်ပိုပြီး ရင်းနှီးအောင်လို့ ကိုယ် …ကြိုးစားမှာပေါ့..၊ ခါလေးခေါ်ရတာ ဘယ်လောက်များ ပင်ပန်းလို့လဲ"

"မဟုတ်ပါဘူး .. ခေါ်သင့်မခေါ်သင့် စဉ်းစားဖို့လိုမှယ် ထင်လို့ပါ"

အဝင်ဝမှာ ရပ်ပြောနေတာမို့ နေခြည်က ကျွန်မ လက်မောင်းကို …လျက် အခန်းထဲခေါ်သဖြင့် ဒေါက်တာ မင်းချာန်ထူးပါ လိုက်ဝင်လာ…သ၏။ အန်တီလင်းလက်ကို နှုတ်ဆက်စကားပြောနေပြီမို့ သက်ပြင်း… ကျိတ်ရှိုက်လိုက်မိပါသည်။

"ကိုကိုကလည်း ကြာလိုက်တာနော်..၊ ခုထိကို မလာသေးဘူး"

'သဲရန်ကော' အဓိပ္ပာယ်ရသည့် အကြည့်တို့ဖြင့် လှမ်းကြည့်လိုက်… …ဲ့ နေခြည်က အခန်းထဲမှ ထွက်သွားလေ၏။ ကြည့်ပါဦး .. ဒီဆရာဝန် …တော့ အပိုင်ပဲဆိုပြီး ချုပ်ပြီထင်ပါရဲ့..။ သူငယ်ချင်းကို ချစ်ပေမယ့် …သားတွေရဲ့ အသက်သခင်ဖြစ်တဲ့ ဆရာဝန်မျိုးနဲ့တော့ လက်တွဲဖို့ …တွဲစေချင်တာ အမှန်ပါလေ..။

မေမေသာသိရင် 'မတန်ဘူး' လို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ပြောမှာ …သေအချာပါပဲ..။ မိန်းကလေးဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အရေးမကြီးဘူး။ မေမေ အထင်မှားနေတာကမှ အကြောင်း"

"ဘာကိုအထင်မှားတာလဲ နွေးရဲ့"

"ရှင်နဲ့ ကျွန်မကိုလေ"

မျက်လုံးပြူးပြီး လေသံဖြင့် အံကြိတ်ပြောတာကို သူက သဘော ကျပုံဖြင့် ရယ်လေတော့၏။

အမြင်ကပ်လိုက်တာ အရမ်းပါပဲလားနော် ...၊

"ဒီမှာ သမီးရဲ့ချစ်သူလည်း ရောက်နေတယ် သားရဲ့..၊ သား သိမလား မပြောတတ်ဘူး။ ဒေါက်တာ မင်းချာန်ထူးတဲ့"

ထမင်းစားခန်းထဲ ရောက်လာသည့် သူတို့ မိသားစုမျက်နှာ အံ့သြမှုနှင့်အတူ ကျွန်မ မျက်နှာတစ်ပြင်လုံး ပူထူသွားရလေ၏။

ခက်ပြီ နှစ်သိမ့်နွေး ရေ..၊

♥♥ ♥ ♥♥





[၂၂]

"မဟုတ်ပါဘူးလို့ ဆိုနေမှ..."

"မဟုတ်ဘဲနဲ့ ဘာလို့ ဖေဖေတို့ကို မိတ်ဆက်ပေးတာလဲ သမီး ရယ် .. ဟင်"

စိတ်ရှုပ်လိုက်တာနော်..၊

အိမ်ဖေဏလာလည်တဲ့ ညှို့သည် (မဟုတ်သေးဘူး) အလှူကို ဘာတဲ့ ညှို့သည်ကို ထင်ချင်ရာထင် ပြောချင်ရာပြောပြီး နွေးရဲ့ချစ်သူ လို့ သတ်မှတ်လိုက်တဲ့ ပြဿနာက အခုထိ မပြီးသေးပါလားနော်..။

"နွေးက နွေးချစ်သူလို့ ပြောမိလို့လား ဖေဖေရာ"

"ဒါဆိုလည်း မဟုတ်ရင် မဟုတ်ဘူးပြောပေါ့ မိရွှေနွေးရဲ့..၊ အေပြောတော့ ညည်းဘာလို့ ငြိမ်နေသလဲ..၊ မြင့်တို့နဲ့ မိတ်ဆက်ပေး တုန်းကတောင် 'ဘူး'တစ်လုံး မပြောဘဲ လက်ခံခဲ့တာကိုး"

မေမေက Caculator တစ်ခုနဲ့ ဘောလ်ပင်တစ်ဖက်ဖြင့် အလုပ် ရှုပ်နေရာမှ လှမ်းဆူပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုပေါ့ ထိုင်လေ သမီးရယ်"

"ထိုင်ချင်ဘူး"

"လုပ်ပြန်ပြီလား..၊ ထော်လော်ကန့်လန့်"

"မေမေကလဲလေ .. နွေးကို အမြဲအပြစ်ရှာပြီး ပြောနေ...

"အံမာ ... လာလာချေသေး..၊ မအေကပဲ သမီးကို အပြ... အပြစ်ရှာတယ် ပြောရတယ်လို့..၊ ညည်း မရှင်းမရှင်းလုပ်ထားတဲ့... ကို ပြောနေတယ်လေ..၊ မြင့်ဆို ဟိုနေ့ကတည်းက ငါ့ဆီ ... တောင် မဆက်တော့ဘူး..၊ ဘယ်လောက်အထိ မျက်နှာပျက်... သလဲဆိုတာ ညည်းမျက်မြင် မဟုတ်လား"

"အန်တီမြင့်ရဲ့ သားကို နွေးမှ မကြိုက်တဲ့ဟာ"

"အေးလေ .. မကြိုက်လည်း ကြိုက်တဲ့အချိန်ကာလအထိ... ရှည်ရှည်နဲ့ စောင့်ပေးမှာပေါ့..၊ ခုတော့ ညည်းလုပ်ပုံကြောင့် ဟိုအ... အထင်လွဲသွားပြီလေ..၊ အခု ဘယ့်နှယ်လုပ်မှာလဲ"

နှုတ်ခမ်းကို မဲ့လိုက်မိပါ၏။ အာရုံမှာ ကွက်ခနဲပေါ်လာသ... သူ့လက်မောင်းကို တွယ်ဖက်ထားသည့် နေခြည်မျက်နှာမှ ... လေ..။ လူကို ရှုံ့ချိုးဖွဲ့ဖွဲ့ မပြောတော့ပေမယ့် 'နင့်မှာ ငါ့လိုလ... ဒီလို လူမျိုးရှိရဲ့လား' လို့ မေးတဲ့ မေးခွန်းမျိုး သူ့ အပြုံးထဲမှာ ... နေတာ အမှန်ပဲကိုး..။

"ဘယ့်နှယ်မှ လုပ်စရာ မလိုပါဘူး မေမေရဲ့..၊ နွေးမှာ ... ရှိတယ်လို့ စွပ်စွဲတဲ့သူကမှ အမှန်တကယ် ရည်းစားရသွားတာ..။ တို့ရော အန်တီမြင့်တို့ပါ မသိဘဲနဲ့များ"

"ဟဲ့ .. ဘယ်တုန်းကလဲ ..၊ ဘယ်သူနဲ့တုန်း"





"မေမေသိချင်ရင် သူ့ကို မေးကြည့်ပေါ့"

"ကြည့် .. မဟုတ်တာတဲ့ လျှောက်မပြောနဲ့စမ်း"

"နွေးက သူတို့စုံတွဲကို ဒီမျက်စိနှစ်လုံးနဲ့ မျက်မြင်ကိုယ်တွေ့ မို့လို့ ...တာပါ မေမေရဲ့..၊ သူ့လို ထင်ရုံနဲ့ လျှောက်ပြီး မှန်းပြောနေတာမှ ...တ်ဘဲ"

"ဒါဖြင့် ဘယ်သူနဲ့လဲ"

မပြောချင်ပါဘူးရှင်..၊ တကယ်ပါ .. ရှင်နဲ့ နေခြည်ကို ယှဉ်တွဲပြီး ...တောင် မခေါ်ချင်တာ အမှန်ပဲ..၊ မတူမတန်ဘူးဆိုတာ မိဘ ...နဲ့နေရာကပဲ ပြောသင့်တဲ့စကားစုပါ..။ ဒါကို ကျွန်မ နားလည်ပါ ...၊ ဒါပေမယ့် ...

ရှင့်လို နာမည်ကောင်းရှိတဲ့ ဆရာဝန်နဲ့ နေခြည့်လို မျက်နှာများတဲ့ ...လေးကိုတော့ လက်ထပ်တဲ့အထိ မပြောပါနဲ့ အပျော်သဘော ...တွဲတာကိုတောင်မှ လက်မခံချင်တာ ဘာကြောင့်များပါလိမ့်..။ သူငယ်ချင်းဆိုတာ ၅၂၈ နဲ့ ချည်လာတဲ့ကြိုးမို့ အခုဆို နှစ် ၂၀ ...တိုင် ကြာခဲ့ပါပြီလေ..။ သို့သော် ကျွန်မနဲ့ ဘာမှမသက်ဆိုင်တဲ့ ...လူကို သူ ဘယ်လိုပဲချည်ချည် နွေးနဲ့မှ မဆိုင်တာဘဲ..၊ ဒါကို ...မှ သူ့ဘက်ကနေ ဘာကြောင့်များ နာကျင်ပေးချင်ဟာပါလိမ့်..။

"မေးနေတာ ဖြေမှပေါ့ သမီးရဲ့"

လွင့်နေသည့်စိတ်က ကိုယ်မှာ ပြန်ကပ်သွားရပါ၏။ သူလည်း ... သူချစ်သူဆီ စိတ်တွေပျံ့လွင့်နေမယ် ထင်ပါရဲ့..။ ရင်မောလှပါ ... ရှင်ရယ်..။

သက်ပြင်းကို တိုးသဲ့သဲ့ချကာ မပြောချင်သလို ပြောမိတဲ့ လေသံက

www.burmeseclassic.com



တာ အဘယ်မျှကြာနေပြီလဲ..။ ဒီတော့ သူနဲ့လည်း မျက်နှာချင်းမဆိုင်
သလို နေခြည်နဲ့ တွဲသွားတွဲလာမြင်ကွင်းကိုလည်း မကြုံရပါချေ..။

"အန့်တီက သမီးကိုပဲ ချွေးမတော်ချင်တာ နွေးရဲ့..၊ ဟိုကောင်
လေးလက်ထဲ အန့်တီ့သမီးကို မထည့်ပေးနိုင်ပါဘူး"

Sauce ဖြင့် အချဉ်လုပ်နေရင်း အန့်တီ ပြောလိုက်တော့ ကြား
ကြော်အိုးထဲ ကြက်ဥမျော့ကို ဖြန့်ဖျန်းရင်း ပြုံးလိုက်မိပါ၏။ မေမေနဲ့များ
ကွာပါ့နော်..၊ မေမေကတော့ နွေးကို အဲဒီ ဒေါက်တာနဲ့ သဘောတူ
တာလေ..။

"ကိုရျာန်ကို ပြောတာလား"

"အင်းပေါ့ .. သမီးရော သူ့ကို ခေါင်းညိတ်လက်ခံလိုက်ပြီ မဟုတ်
လား"

အလို .. နွေးကိုများ နေခြည့်လို နပြော် နခေါင်းညိတ်လိုက်တယ်
တဲ့ အညာလွယ်သူ ထင်ရတယ်လို့..၊ စိတ်ချပါ အန့်တီရယ် .. နွေး
မေမေတို့ပြောစေချင်တာတောင်မှ ခေါင်းမာမာနဲ့ငြင်းနေတဲ့ သမီးလို
လေးပါ..။

"လက်မခံသေးပါဘူး အန့်တီရယ် ... အဲဒီနေ့က မေမေ့ဘာသာ
မေမေ ဆွဲတွေးပြီး အန့်တီတို့နဲ့ မိတ်ဆက်ပေးလိုက်တာပါ၊ နွေး ဒီလော
အညာမလွယ်ပါဘူး၊ မေမေကသာ သဘောတူတယ်လို့ ပြောနေ
လေ"

"အင်းပေါ့လေ..၊ နုချိန်မှာမှ သမီးကို လိုက်ပြီး တားဆီးပိတ်
နေလို့ ဘယ်ရပါ့မလဲ..၊ ငယ်လည်း ဒါကိုသိလို့ သမီးကို အဲဒီဆရာ
လေးနဲ့ သဘောတူတာပေါ့၊ အန့်တီ့သားနဲ့သမီးရဲ့ ဖူးစာမင်ရည်က





ပေသကိုး"

အန့်တီ့လေသံပျော့လေးက ချွေးချွေးမြည့်မြည့် ရှိလှပါ၏။ စားပွဲ
ထက် ပန်းကန်ပြားတွေ ပြင်ဆင်ရင်း ပြောနေဟန်က စိတ်မကောင်းမှု
ကို သိသာနေစေတာ အမှန်ပါလေ..။

"ဘာဖြစ်လဲ အန့်တီရယ် .. အန့်တီ့သား ဘယ်သူနဲ့ပဲယူယူ နွေး
က အန့်တီ့သမီးပဲဆို .. ဒီတော့လည်း ကိုကိုနဲ့ ညီမလေးလို့ တစ်သက်
လုံး ခေါ်လို့ရသွားတာပေါ့၊ မဟုတ်ဘူးလား"

"အေးလေ .. ဒါလည်း ဟုတ်တာပဲ"

အိမ်ရှေ့မှာ ကားရပ်သံ ကြားလိုက်ရတာမို့ တစ်ယောက်ယောက်
ပြန်လာပြီမှန်း သိလိုက်ပါ၏။ နာရီက အခုမှ ညနေ ၅ နာရီကျော်ကျော်
ရှိသေးတာ..။ ဘယ်သူများ ပြန်လာတာပါလိမ့်..။

"သမီးကို သင်ပေးနေတာ"

ထွက်ကြိုလိုက်သည့် အန့်တီ့စကားသံက တစ်ဝက်နဲ့ တုံးတိရပ်
သွားရလေ၏။ မီးဖိုခန်းအဝမှာ ရပ်လိုက်သည့် သူက စပ်တင်းတင်း
မျက်နှာဖြင့် နွေးကို လှမ်းကြည့်လိုက်တာကိုး..။

"မင်းကို ပြောစရာရှိတယ်"

"ပြောလေ .."

"ဒီမှာ မပြောချင်ဘူး၊ အိမ်ရှေ့ထွက်ခဲ့"

"ဟယ်!... သားကလဲ"

ဘေစင်မှာ လက်သေချာဆေးပြီး လက်သုတ်ပြီးမှ လိုက်ထွက်
ခဲ့ပါ၏။ အိမ်ရှေ့ဆိုသည့်အတိုင်း ဧည့်ခန်းမှာ မဟုတ်ဘဲ တိုက်ရှေ့
မြက်ခင်းပြင်မှာ ရပ်စောင့်နေသည့် သူ့အနီးသို့ လျှောက်ခဲ့ရလေသည်။

www.burmeseclassic.com

